ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ကိုဖုန်းမော် ၊ ကိုစိုးနိုင်ကျဆုံးခြင်း (၃၄) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ (၁၂) ရက်

- ၂၀၂၂ ခုနှစ် မတ်လ ၁၃ **ရက်နေ့သည် မြန်မာနိုင်ငံ၏ ရှည်ကြာလှသော စစ်မှန်သည့်** ဒီမိုကရေစီ **ရရှိရေး လှုပ်ရှားမှုအတွင်း ရှည်ကြာမှု၏ အဓိကတရားခံဖြစ်သော** အကြမ်းဖက်စစ်တပ်၏ **ပစ်ခတ်သတ်ဖြတ်မှုကြောင့်** လူငယ်ကျောင်းသားများဖြစ်သည့် **ကိုဖုန်းမော်၊** ကိုစိုးနိုင် ကျဆုံးခဲ့ရခြင်း (၃၄) **နှစ်** မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။
- **မြန်မာ့အကြမ်းဖက်စစ်တပ်သည်** လက်တစ်ဆုပ်စာ ဗိုလ်ချုပ်ကြီးများ၏ ပုဂ္ဂိုလ်ရေး အကျိုး စီးပွားအတွက် ၁၉၆၂ **ခုနှစ်မှစ၍ သိက္ခာကင်းမဲ့သော အကြောင်းပြချက်မျိုးစုံဖြင့်** ပြည်သူလူထု၏ **ဒီမိုကရေစီအာဏာကို မတရားသော အဓမ္မနည်းဖြင့် အကြိမ်ကြိမ် သိမ်းပိုက်ခဲ့သည်။**
- ၁၉၆၂ **ခုနှစ်တွင် အမျိုးသားတန်းတူညီမျှရေးအတွက်** တိုင်းရင်းသားများ၏ ဥပဒေနှင့်အညီ **ကြိုးပမ်းအားထုတ်မှုအား** နိုင်ငံတော်ပြိုကွဲရေးအားထုတ်မှုအဖြစ် မမှန်မကန်စွပ်စွဲ၍ **ရွေးကောက်ခံ** ပြည်သူ့အစိုးရအဖွဲ့အပါအဝင် တိုင်းရင်းသားခေါင်းဆောင်အများအပြားကို **ထောင်သွင်းအကျဉ်းချ၍** အာဏာသိမ်းယူခဲ့သည်။
- ၁၉၈၈ **ခုနှစ်တွင် အာဏာရှင်နေဝင်းအစိုးရ၏ အကျင့်ပျက်ခြစားမှု၊** အာဏာအလွဲသုံးမှုနှင့် ပုဂ္ဂိုလ်ရေးအကျိုးစီးပွား **တည်ဆောက်မှုများကြောင့် ဖြစ်ပေါ်လာသော** အထွေထွေချွတ်ခြုံကျမှု၊ **ဖိနှိပ်မှုများမှ ရုန်းထွက်ရန်** ကျောင်းသားလူငယ်များ၏ ငြိမ်းချမ်းစွာ တော်လှန်လှုပ်ရှားမှုအား **လူသတ်အကြမ်းဖက်နှိမ်နင်းရုံမျှမက၊** အချုပ်အခြာအာဏာ **ပြိုကွဲပျက်စီးရေး** လှုပ်ရှားမှုအဖြစ် **မရိုးမဖြောင့် ကင်ပွန်းတပ်ကာ** အာဏာသိမ်းယူခဲ့ပြန်သည်။

- တစ်ဖန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံ အစိုးရအား မဲမသမာမှုများရှိခဲ့သည်ဟူသော လီဆယ်လုပ်ကြံထားသော အကြောင်းပြချက်ဖြင့် ထပ်မံအာဏာသိမ်းယူခဲ့ပြန်သည်။

- လက်တစ်ဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးများ၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားတစ်ခုတည်းဖြင့် လက်နက်အားကိုး၍ ပြည်သူ့ဆန္ဒကို စော်ကားအနိုင်ကျင့်သည့်အခါတိုင်းတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ လူငယ်ကျောင်းသားများမှ အစပြုကာ အသက်ကိုပဓာနမထား တော်လှန်ခဲ့သည်ချည်း ဖြစ်သည်။

- ယင်းဆန့်ကျင်တော်လှန်မှုကို နှိပ်ကွပ်သည့်အနေဖြင့် ရဟန်းရှင်လူမရွေး ပစ်ခတ်သတ်ဖြတ်ခြင်း၊ လူနည်းစုတိုင်းရင်းသားများ၏ ဒေသများတွင် ရွာလုံးကျွတ် မီးရှို့ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အမျိုးကောင်းသမီးပျိုတို့အား အဓမ္မပြုကျင့်ခြင်း အစရှိသည့် လူမဆန်သော လုပ်ရပ်များဖြင့် တုံ့ပြန်လေ့ရှိသော်လည်း၊ ကိုဖုန်းမော် နှင့် ကိုစိုးနိုင် ကဲ့သို့သော သူရဲကောင်းတို့ ခေတ်အဆက်ဆက် ပေါ်ထွန်း တာဝန်ကျေစမြဲပင်ဖြစ်သည်။

- ထို့ကြောင့် ဖုန်းမော်နေ့သတ်မှတ် ဂုဏ်ပြုခြင်းသည် လူငယ်ကျောင်းသား ကိုဖုန်းမော် တစ်ဦးတည်း အတွက်သာမဟုတ်ဘဲ၊ စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်း၍ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးအတွက် လက်ရှိအချိန်အထိ တော်လှန်လှုပ်ရှားမှုများအတွင်း တိုင်းရင်းသားလူမျိုး အသီးသီး၏ အသက်၊ လွတ်လပ်မှုနှင့် လူ့ဂုဏ်ရည်တို့ကို စွန့်လွှတ်၍ ပုံစံအမျိုးမျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြမှု၏ မော်ကွန်းတင် သင်္ကေတအဖြစ် အလေးအမြတ်ပြု မှတ်ယူရမည် ဖြစ်သည်။

- ထိုအတူ အသက်နှင့် လူ့ဂုဏ်ရည်စွန့်လွှတ်ရမှုများ ကျွန်ုပ်တို့ ဖက်ဒရယ်ပြည်ထောင်စု အတွင်း မည်သည့်အခါမျှ မဖြစ်ပေါ်စေမည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် ပေါ်ထွန်းရေးအတွက် အစွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုး အသီးသီးမှ လူငယ်ကျောင်းသား သူရဲကောင်းများ၏ တော်လှန်ရေးဝိညာဉ်ကို တိုင်တည်၍ အဓိဋ္ဌာန်ပြုပါကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုဖုန်းမော်၊ ကိုစိုးနိုင် ကျဆုံးခြင်း (၃၄) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

****